# M Y A N M A R R E S O U R C E



“ တောင်ကိုဖြို...

မြေလွှာကိုဖွင့်...

ပြည်ကိုရောင်း ”

1




ကျိုင်းတုံ-တာချီလိတ် ကားလမ်းမကြီးမှ မော်တော်ဆိုင်ကယ်ဖြင့် (၄၅)မိနစ်ခန့် ခရီးနှင်လိုက်သည်နှင့် သဘာဝ အတိုင်း စိမ်းစိုနေသည့် တောတောင်တွေအစား နီညိုရောင်မြေသားများ ပေါ်လွင်နေသည့် တောင်တန်းကြီးများကို အံ့သြဖွယ်ရာ တွေ့မြင်လိုက်ရသည်။

ထိုတောင်တန်းကြီးများပေါ်တွင် သစ်ပင်ကြီးများ၊ တောပန်းများနှင့် ကျေးငှက်တိရိစ္ဆာန်များ၏ အသံဗလံကို မမြင်ရ၊ မကြားရတော့ပေ။ တောင်စောင်းများတစ်လျှောက် သစ်တောဖုံးလွှမ်းမှု ကင်းမဲ့နေသဖြင့် နီညိုရောင် မြေသား များသာ အတိုင်းသားပေါ်ထွက်နေကာ တောင်ကတုံးများအဖြစ် ပြောင်းလဲနေသည်။ ထိုသို့ တောင်ကတုံးဖြစ်နေသည့် တောင်ထိပ်ပေါ်တွင် မြေတူးစက် (ဘတ်ဟိုး) အကြီးစားများနှင့် ဓာတုအဆိပ်သင့်နေသော စိမ်းဖန့်ဖန့်အရောင်ရှိ ရေကန် ကြီးတွေက နေရာယူထားသည်။

ယနေ့မြင်တွေ့နေရသည့် မြင်ကွင်းများနှင့်မတူဘဲ ယခင်က အဆိုပါတောင်တန်းများသည် စိမ်းလန်းကာ နေပြောက်ပင်မထိုးနိုင်အောင် ထူထပ်သည့် သစ်တောဧရိယာအများအပြားကို ပိုင်ဆိုင်ခဲ့သည်။ သဘာဝ သစ်တော များမှာ ဒေသ၏ ဂေဟစနစ်ကို ထိန်းညှိပေးခဲ့သလို ရှားပါးတိရိစ္ဆာန်များသည့် ကျား၊ ဝက်ဝံနှင့် အခြားတောရိုင်း အကောင်ကြီးမျိုးများ ကျက်စားရာ နယ်မြေလည်း ဖြစ်ခဲ့သည်။

**2**

ထိုတောင်တန်းများသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့နယ်၊ နားယောင်းကျေးရွာ အုပ်စုရှိ နားအွန်ကျေးရွာအနီးတွင် တည်ရှိသည်။ တစ်ချိန်က အဖိုးတန်ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းပေးသည့် သစ်တောဂေဟစနစ်များ တည်ရှိခဲ့သည့် နေရာဖြစ်သော်လည်း မြေလွှာအောက်တွင် ကိန်းအောင်းနေသည့် ရွှေနှင့် မဂ္ဂနီစ်အောက်ဆိုဒ်သတ္တုသိုက်များက ပြည်ပသတ္တုတူးဖော်ရေး လုပ်ငန်းရှင်များ၏ မျက်စိကျခြင်းကို ခံခဲ့ရသည်။

ထို့နောက်မှာတော့ အစိမ်းရောင်သစ်တောများမှာ ပျောက်ခြင်းမလှ ပျောက်ဆုံးခဲ့ရပြီး နီညိုရောင်မြေသားများ အထင်းသားပေါ်နေသည့် တောင်ကတုံးအဖြစ်သို့ ရောက်ရှိလာကာ သဘာဝပတ်ဝန်းကျင် အခြေအနေများလည်း တဖြည်းဖြည်း ယိုယွင်းပျက်စီးလာခဲ့သည်။

## မြေလွှာကိုဖွင့်ကြသူများ



PHOTO - MRW

နားအွန်ကျေးရွာအနီးရှိ တောင်တန်းများပေါ်တွင် ရွှေနှင့် မဂ္ဂနီစ်အောက်ဆိုဒ် သတ္တုတူးဖော်မှုကို တရုတ်နိုင်ငံသားပိုင် သတ္တုတူးဖော်ရေးကုမ္ပဏီတို့က လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်မှ စတင်၍ လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် သတ္တုတူးဖော်ရေးလုပ်ငန်းများ ပိုမိုအရှိန်မြင့်လာခဲ့ပြီး ရွှေနှင့် မဂ္ဂနီစ်အောက်ဆိုဒ် တူးဖော်ခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာကြသည်။ ထိုသို့ လုပ်ကိုင်လာကြခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် နားအွန်ကျေးရွာအနီးရှိ စိမ်းလန်းစိုပြေသာယာခဲ့သည့် တောင်တန်းများမှာ ဆယ်စုနှစ်တစ်ခုအတွင်း နီညိုရောင်မြေသားအသွင်နဲ့ တောင်ကတုံးအဖြစ်ကို သိသိသာသာ ပြောင်းလဲသွားခဲ့သည်။

## 3

ယခင်က တိတ်ဆိတ်ငြိမ်သက်နေသည့် နားအွန်ရွာ၏ လမ်းမထက်မှာတော့ ယခုအခါ သတ္တုတူးဖော်ရေး လုပ်ငန်းခွင်များထံသို့ အသွားအလာပြုနေသော Force အမှတ်တံဆိပ် ပစ်ကပ်ယာဉ်များက နေ့စဉ်လိုလို ဖြတ်သန်း သွားလာနေကြခြင်းကြောင့် အရင်ကရှိခဲ့သည့် အေးချမ်းတိတ်ဆိတ်မှုကို တဖြည်းဖြည်း ပြောင်းလဲစေခဲ့သည်။

နားအွန်ကျေးရွာမှ မော်တော်ဆိုင်ကယ်ဖြင့် (၅)မိနစ်ခန့် သွားရောက်ပါက အနိမ့်အမြင့်၊ အတက်အကျများ သည့် မြေနီတောင်တက်လမ်းသို့ ရောက်ရှိနိုင်သည်။ အဆိုပါလမ်းတစ်လျှောက် သွားလာနေသည့် မော်တော်ယာဉ်များ သည် အမြင့်ပေ (၁၀၀) နီးပါးရှိ တောင်တက်၊ တောင်ဆင်းလမ်းကြမ်းများကို ဖြတ်ကျော်ရပြီးနောက် ဖုန်မှုန့်များ လွင့်ပျံ နေသည့် တောင်ထိပ်သို့ ရောက်ရှိကြသည်။

ယင်းလမ်းတစ်လျှောက်သည် ရိုလာကိုစတာစီးနင်းနေရသလို လမ်းခရီးကြမ်းတမ်းပြီး နီညိုရောင်ဖုန်မှုန့်တွေ မှာလည်း ယာဉ်တစ်စီးဖြတ်သန်းသွားတိုင်း မြူခိုးသဖွယ် အုံ့ဆိုင်းနေတက်သည်။

တောင်ထိပ်ရှိ အတော်အတန်ကျယ်ဝန်းသည့် မြေပြန့်နေရာမှာတော့ မြေတူးစက် (ဘတ်ဟိုး) အကြီးစားများ နှင့် မြေသယ်ယာဉ်ကြီးများ (၁၀)စီးကျော် အစီအရီရပ်နားထားသည်ကို တွေ့ရသည်။ ယာဉ်အချို့မှာ ဘီးများဖြုတ်ထား ပြီး ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်နေကာ အချို့မှာ စက်ဖုံးများ ဖွင့်လှစ်ထားကြသည်။ ထိုနေရာသည် တောင်ထိပ်



ထိုနေရာမှလွန်သော် သတ္တုတူးဖော်ရေးလုပ်သားများနေထိုင်သည့် ယာယီတဲအိမ်ငယ်များကို တွေ့မြင်ရသည်။ တဲအိမ်ငယ်များကို စိမ်းပြာနှစ်ရောင်စပ် တာလပတ်စများဖြင့် အမိုးအကာပြုလုပ်ကာ ဆောက်လုပ်ထားကြသည်။ တဲအိမ်ငယ်များရှေ့တွင် ရွှေသန့်စင်ရာတွင် အသုံးပြုသော အလွန်အဆိပ်ပြင်းထန်သည့် ဆိုဒီယမ်ဆိုင်ယာနိုက် (Sodium



PHOTO – MRW

ရွှေတူးဖော်ရာ တောင်ထိပ်ပေါ်တွင် ဖုန်အလိမ်းလိမ်းတက်နေသည့် မန်ဂျန်ရှားစိုက်ခင်းများကိုလည်း တွေ့မြင်ရသည်။ စိုက်ခင်း၏ အရှေ့တွင် အစိမ်းရောင်နောက်ခံပေါ်၌ အဖြူရောင်စာလုံးနှင့် ရေးထိုးထားသည့် “၂၀၂၄ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ခင်း၊ တာချီလိတ်မြို့” ဆိုင်းဘုတ်ကို စိုက်ထူထားသည်။

အဆိုပါ မန်ဂျန်ရှားစိုက်ခင်းသည် မြင့်ဦးအောင်သတ္တုတူးဖော်ရေးကုမ္ပဏီ၏ စိုက်ခင်းတစ်ခုဖြစ်သည်။ မြင့်ဦးအောင်ကုမ္ပဏီသည် တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု အာရဲဒေသတွင် သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ထို့အပြင် ၂၀၁၉ ခုနှစ်အတွင်း တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စုရှိ အဆိုပါကုမ္ပဏီ၏ သတ္တုတူးဖော်ရေးလုပ်ကွက်၌ ဗီဇာစည်းကမ်းဖောက်ဖျက်၍ နေထိုင်နေသည့် တရုတ်နိုင်ငံသားအချို့ကို တွေ့ရှိခဲ့သဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများအရ အရေးယူဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များရှိခဲ့ကြောင်း သိရသည်။

သတ္တုတူးဖော်ခဲ့ပြီးနောက် ကျန်ခဲ့သည့် မြေနေရာပေါ်တွင် ပြန်လည်မြေဖို့၍ မန်ကျည်းရှားအပင်ပေါက်များကို စိုက်ပျိုးထားခြင်းဖြစ်သည်။ အဆိုပါနေရာသည် မြင့်ဦးအောင်ကုမ္ပဏီ၏ သတ္တုတူးဖော်ရေး လုပ်ကွက်ဟောင်းတစ်ခုဖြစ်ပြီး စိုက်ခင်း၏ အောက်ဘက်ပိုင်းတွင်မူ သတ္တုတူးဖော်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေသည့် လုပ်ကွက်များလည်း ရှိနေကြသည်။

သတ္တုတူးဖော်ဆဲ လုပ်ကွက်များအတွင်း ဘက်ဟိုးများ၊ မြေသယ်ယာဉ်များအပါအဝင် အကြီးစား စက်ယန္တရားကြီးများ အစီးရေ ဆယ်နှင့်ချီကာ အဆက်မပြတ် လှုပ်ရှားသွားလာနေကြသည်။ ရွှေပါဝင်နိုင်သည်ဟု ယူဆရသော မြေဆီလွှာများကို မြေတူးစက်ကြီးများဖြင့် တူးဖော်ပြီးနောက် မြေသယ်ယာဉ်များဖြင့် ရွှေသန့်စင် ထုတ်ယူရာ ကန်များ



PHOTO – MRW

ရွှေတူးဖော်နေသည့်နေရာကို ကျော်လွန်သွားသည့်အခါ အကျယ်ပေ (၁၀၀) နီးပါးရှိသော ရွှေချက်လုပ်သည့် ကန်ကြီးများကို တွေ့မြင်နိုင်သည်။ ယင်းရွှေချက်ကန်များသည် လေးထောင့်ပုံသဏ္ဍာန်ရှိပြီး အမြင့် (၁၀)ပေကျော် ရှိသည်။ ကန်၏အောက်ခြေတွင် ဝါးဖြင့်ရက်လုပ်ထားသည့် ပိုက်ကွန်ပုံစံအလွှာများ(ဝါးကပ်)ကို ခင်းထားကာ ရေစီးနိုင်ရန် ရေဆင်းမြောင်းများလည်း ထားရှိသည်။

အဆိုပါ ဝါးကပ်အပေါ်ဘက်တွင် ရွှေသတ္တုပါဝင်နိုင်သည့် မြေလွှာများကို စုပုံထားပြီးနောက် PVC အပြာရောင်ပိုက်ငယ်များကို သွယ်တန်း၍ ဓာတုဖျော်ရည်များကို မိုးရေစက်ပုံစံဖြင့် အပေါ်မှဖျန်းချကာ ရွှေချက်လုပ်သည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်ကြခြင်းဖြစ်သည်။



PHOTO – MRW

ရွှေသတ္တုပါဝင်သည့် မြေလွှာများကို ဓာတုဖျော်ရည်များဖြင့် စိမ့်ဝင်ဓာတ်ပြုစေပြီးနောက် ရွှေမှုန်၊ရွှေစများ ပါဝင်သည့် အရည်များမှာ ကန်အောက်ခြေရှိ ဝါးပိုက်လိုင်းများမှတစ်ဆင့် ရေနှင့်အတူ စီးဆင်းသွားသည်။ ထိုအရည်များအတွင်း ပါဝင်သည့် ရွှေမှုန်များကို မာကျူရီ (Mercury)၊ ကာဗွန် (Carbon) နှင့် ဆိုဒီယမ်ဆိုင်ယာနိုက် (Sodium Cyanide) စသည့် ဓာတုပစ္စည်းများအသုံးပြု၍ ပြန်လည်ဖမ်းယူထုတ်လုပ်ကြခြင်း ဖြစ်သည်။



PHOTO – MRW




နားအွန်ကျေးရွာအနီးရှိ ရွှေတူးဖော်ရေးလုပ်ကွက်များတွင် ပြင်ပလူများ အလွယ်တကူ ဝင်ရောက်သွားလာနိုင်ခြင်း မရှိစေရန် အစောင့်ခွေးများမွေးမြူထားပြီး လူစိမ်းများဝင်ရောက်လာပါက လိုက်လံတိုက်ခိုက်သည်အထိ လုံခြုံရေး တင်းကျပ်စွာ ချထားသည်။

ထို့အပြင် ရွှေလုပ်ကွက်များဆီသို့ သွားရောက်ရာ တောင်တက်တောင်ဆင်းလမ်းများမှာ အလွန်မတ်စောက်ပြီး မိုးရာသီတွင် မော်တော်ယာဉ်များ၏ ဘီးများကို သံကြိုးများပတ်၍သာ မောင်းနှင်နိုင်သည့် အခြေအနေရှိကြောင်း ဒေသခံများက ပြောသည်။

*"ဒီလမ်းတွေက ပွင့်လင်းရာသီမို့လို့ ဒီအတိုင်းတက်လို့ရတာ။ မိုးတွင်းဆို ဆိုင်ကယ်နဲ့ ကားတာယာတွေကို သံကြိုးတွေ ပတ်ပြီးမှ သွားလို့ရတာ"* ဟု နားအွန်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

တောင်ပေါ်ရှိ ရွှေတူးဖော်ရေးလုပ်ကွက်များတွင် (၂၄)နာရီမပြတ် တူးဖော်လုပ်ကိုင်နေကြသဖြင့် စွန့်ပစ်မြေစာပုံ များမှာ တောင်တန်းငယ်များသဖွယ် ဟိုတစ်ပုံ၊ သည်တစ်ပုံ ရှိနေသည်ကို တွေ့ရသည်။ ထို့အပြင်

*“ဒီမှာက တစ်တောင်နဲ့ တစ်တောင် တက်သွားဖို့ကို တစ်ရက်၊ နှစ်ရက်လောက် လမ်းပျက်နေတတ်တယ်။ ဒါပေမဲ့ ဟိုဘက် (တခြားတောင်တွေ)မှာလည်း ရွှေတူးဖော်တဲ့ သတ္တုဆိုဒ်တွေရှိတော့ သူတို့ပြန်လုပ်ပေးတယ်။ သူတို့ ဘတ်ဟိုးစက်ကြီးနဲ့ ပြန်ထိုးပေးတယ်။ ခဏပဲ။ သူတို့လုပ်ပေးရင်”* ဟု နားအွန်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

ရွှေနှင့် အခြားသတ္တုများ တူးဖော်ထုတ်လုပ်မှုများကြောင့် လုပ်ကွက်တစ်ခုနှင့် တစ်ခုအကြား သွားလာရန် ခက်ခဲသည့်အခြေအနေများ ဖြစ်ပေါ်လျက်ရှိပြီး နေ့/ညမရွေး အကြီးစားစက်ယန္တရားများဖြင့် လမ်းကြောင်းအသစ်များ ပြန်လည်ဖောက်လုပ်ရသည့် ဖြစ်စဉ်များလည်း ရှိနေသည်။

ဖုန်းဆိုးမြေအဖြစ် အသွင်ပြောင်းနေသည့် သတ္တုတူးဖော်ရေးလုပ်ကွက်များရှိရာ တောင်ထိပ်မှ ရိုလာကိုစတာကဲ့သို့ မြေနီလမ်းအတိုင်း မော်တော်ဆိုင်ကယ်နှင့် မိနစ် (၃၀) ခန့်မောင်းနှင်ပါက နားအွန်ရွာသို့ရောက်ရှိသည်။

လမ်း၏ယာဘက်တွင် တောင်နံရံပေါ်၌ တွယ်ကပ်ပေါက်နေသည့် ဝါးပင်နှင့် တံမြတ်စည်းပင်များကို တွေ့မြင်ရကာ လမ်း၏ဝဲယာတွင်မူ ကျောက်တုံးဖွေးဖွေးများကို အတိုင်းသားမြင်တွေ့နေရသည့် ရေမရှိသော တောင်ကျချောင်းငယ်လေးကို တွေ့မြင်နိုင်သည်။

*“တောင်ကျရေ သုံးရတာ အဆင်မပြေတော့ဘူး။ ရေဦးရေဖျားမှာ မြေစာတွေကျ။ တောင်ကတုံးတွေဖြစ်။ မိုးရွာတော့ ရေစီးနဲ့ သဲတွေ၊ နွံတွေပါလာတယ်။ ဆည်မြောင်းတွေအကုန် ပိတ်ကုန်တယ်”* ဟု ဒေသခံတစ်ဦးက


PHOTO – MRW

**9**

## သယံဇာတကျိန်စာသင့်ခြင်း




လူဦးရေ (၁,၀၀၀)ခန့် နေထိုင်ကြသည့် နားအွန်ကျေးရွာသည် သဘာဝမှပေးထားသော တောင်တန်းကြီးများနှင့် သစ်တောများစွာရှိခဲ့သည်။ အဆိုပါတောင်တန်းကြီးများပေါ်တွင် တသွင်သွင်စီးဆင်းနေသည့် တောင်ကျချောင်းများ ပေါများခြင်းနှင့်အတူ ရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြ ပြီး ကြက်၊ ဝက်၊ နွား စသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။

နောက်ပိုင်းတွင် ရွှေနှင့် အခြားသတ္တုတူးဖော်ရေးလုပ်ငန်းများ ဝင်ရောက်လာပြီးနောက် ကျွဲကူးရေပါ ဆိုသလို ဂေဟာစနစ်ပျက်စီးမှုများလည်း ဒွန်တွဲပါလာခဲ့သည်။

စစ်တပ်အာဏာသိမ်းယူပြီးနောက်ပိုင်း နားအွန်ကျေးရွာအနီးတွင် တရုတ်နိုင်ငံသားပိုင် ရွှေတူးဖော်ရေးလုပ်ငန်းများ လျင်မြန်စွာတိုးပွားလာခဲ့ပြီး စက်ယန္တရားကြီးများအသုံးပြုကာ နေ့/ညမပြတ် ရွှေတူးဖော်မှုများ ဆောင်ရွက်လာခဲ့ကြသည်။

ထိုသို့ အကြီးစားရွှေတူးဖော်မှုများ တိုးမြင့်လာခြင်း၏ နောက်ဆက်တွဲအဖြစ် သတ္တုချွဲထုတ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများပါဝင်သော စွန့်ပစ်ရေများသည် နားအွန်ကျေးရွာ၏ အသက်သွေးကြောဖြစ်သည့် ချောင်းအတွင်းသို့ စီးဝင်ခဲ့သည်။ ယင်းကြောင့် ဒေသ၏ရေအရင်းအမြစ်များ ထိခိုက်ပျက်စီးလာခဲ့ပြီး ရွှေလုပ်ကွက်များမှ စွန့်ပစ်မြေစာများသည် လယ်ယာမြေများအတွင်းသို့ ဝင်ရောက်ဖုံးလွှမ်းခဲ့ရာ စပါးနှင့် အခြားသီးနှံများစိုက်ပျိုးရန် ခက်ခဲသည့် အခြေအနေများ ဖြစ်ပေါ်လာခဲ့သည်။

*“ပြီးခဲ့တဲ့နှစ်က မိုးခေါင်တယ်။ ကျွန်တော်တို့ လယ်တောင်စိုက်လို့မရဘူး။ ကန်သေးသေးလေးထဲမှာ ရေကို စုပြီးတော့ တစ်ကွက်လေးစိုက်ရတယ်။ စပါးစိုက်တဲ့မိုးရာသီဆို အဲလိုမဖြစ်ရဘူးလေ”* ဟု ဒေသခံတစ်ဦးက သတ္တုတူးဖော်ရေးလုပ်ကွက်များကြောင့် မိုးရာသီ စပါးစိုက်ပျိုးရသည့် အခက်အခဲကို ရှင်းပြခဲ့သည်။

ဒေသခံများ၏ အဆိုအရ ရွှေတူးဖော်မှု အလွန်အကျွံပြုလုပ်လာခြင်းကြောင့် သစ်တောများလျော့နည်းလာကာ ရာသီဥတုဖောက်ပြန်မှုများ ပိုမိုသိသာလာခဲ့သည်။ ထို့အပြင် ရေအရင်းအမြစ်များ ပျက်စီးယိုယွင်းလာခြင်းကြောင့်




သို့သော် နားအွန်ကျေးရွာရှိ ဒေသခံအများစုသည် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် လူမှုစီးပွား ထိခိုက်မှုများကို နေ့စဉ်ဘဝ၏ အစိတ်အပိုင်းတစ်ခုကဲ့သို့ လက်ခံနေကြရပြီး ယင်းပြဿနာများကို ထုတ်ဖော်ပြောဆိုရန် အခက်အခဲများလည်း ရှိနေသည်။

ရွှေတူးဖော်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် မြေသယ်ယာဉ်နှင့် စက်ယန္တရားကြီးများကြောင့် ကျေးရွာလမ်းများ ပျက်စီးခဲ့သလို ရွှေသန့်စင်ရာတွင် အသုံးပြုသည့် ဆိုဒီယမ်ဆိုင်ယာနိုက် (Sodium Cyanide) ကဲ့သို့ အန္တရာယ်ရှိသော ဓာတုပစ္စည်းများကြောင့်လည်း ဒေသခံများအပေါ် ဆိုးကျိုးများ သက်ရောက်လျက်ရှိသည်။

ဒေသခံများ၏ ပြောကြားချက်အရ ဆိုဒီယမ်ဆိုင်ယာနိုက်များကို ကျေးရွာလမ်းများမှတစ်ဆင့် သယ်ယူပို့ဆောင်ရာတွင် ယိုဖိတ်မှုများ ဖြစ်ပွားခဲ့ပြီး လမ်းဘေးရှိ ရေအိုင်များ၊ မြက်ခင်းများနှင့် သစ်ပင်များမှာ ဓာတုညစ်ညမ်းမှုဒဏ်ကို ခံစားခဲ့ရသည်။

ထိုမှတစ်ဆင့် ညစ်ညမ်းနေသော ရေနှင့် မြက်ပင်များကို စားသုံးမိသည့် ကျွဲ၊ နွားများ သေဆုံးခဲ့သည့် ဖြစ်စဉ်များလည်း မကြာခဏဆိုသလို ဖြစ်ပွားနေသည်ဟု ဒေသခံများက ဆိုသည်။



PHOTO – MRW

ယခင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုသာ အဓိကအားထား အသက်မွေးဝမ်းကျောင်းပြုခဲ့သည့် နားအွန်ကျေးရွာဒေသခံများသည် ယခုအခါ လယ်ယာမြေများပျက်စီးလာခြင်းနှင့် သဘာဝအရင်းအမြစ်များ လျော့နည်းလာခြင်းတို့ကြောင့် မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရန် ခက်ခဲလာကြသည်။

ထို့ကြောင့် မိသားစုစားဝတ်နေရေးကို ဖြေရှင်းနိုင်ရန် ရွှေတူးဖော်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းသို့မဟုတ် ယင်းလုပ်ငန်းများအပေါ် မှီခိုအားထားလာရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့ကြသည်။

*“လူငယ်တွေတော်တော်များများက တရုတ်ရဲ့ ရွှေတူးတဲ့ဆိုဒ်မှာ နေ့စားလုပ်ကြတယ်။ တစ်ရက်ကို ဘတ် (၃၀၀) ၊ (၄၀၀) ရတော့ လုပ်ကြရတာပေါ့။ မနက်သွား ညနေပြန် နေ့စားပေါ့။ စားဝတ်နေရေးအတွက် လုပ်ကြရတယ်”* ဟု တာလေမြို့နယ် ဒေသခံတစ်ဦးက ပြောသည်။

# သယံဇာတတူးဖော်ခြင်းနှင့် ရာဇဝတ်မှုများ




စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ လူမှုရေးနှင့် စီးပွားရေး ကဏ္ဍများတွင် သိသာထင်ရှားသော ကျဆင်းမှုများ ဖြစ်ပေါ်ခဲ့သည်။ နယ်စပ်ဒေသများတွင် တရားမဝင် သယံဇာတတူးဖော်ထုတ်ယူမှုများ ကျယ်ပြန့်လာသလို မူးယစ်ဆေးဝါးပြဿနာများလည်း ကြီးထွားလာခဲ့သည်။

ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှု၊ စီးပွားရေးကျပ်တည်းမှုနှင့် စားဝတ်နေရေး အခက်အခဲများကြောင့် ဒေသခံအမျိုးသမီးအချို့သည် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသော တရုတ်နိုင်ငံသားများ၏ အပျော်မယားများအဖြစ်သို့ ရောက်ရှိလာခဲ့ကြသည်။

တစ်ဖက်တွင်လည်း သတ္တုတူးဖော်ရေးလုပ်ငန်းရှင်များက လုပ်ငန်းခွင်အတွင်း အလုပ်သမားရှားပါးမှု ပြဿနာကို ဖြေရှင်းရန် အလုပ်လုပ်ကိုင်နေသော လုပ်သားအချို့ကို မူးယစ်ဆေးဝါးများပေးသုံးစေခြင်းကြောင့် မူးယစ်ဆေးဝါး၏ သားကောင်များအဖြစ်သို့ ရောက်ရှိလာခဲ့ကြသည်။

အာရှနိုင်ငံ (၄၆) နိုင်ငံအနက် ရာဇဝတ်မှုနှုန်းနှင့် လူကုန်ကူးမှုဆိုင်ရာ အန္တရာယ်မြင့်မားသည့် နိုင်ငံများထဲတွင် မြန်မာနိုင်ငံ ပါဝင်နေခြင်းမှာလည်း အာဏာသိမ်းမှုနောက်ပိုင်း နိုင်ငံ၏ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် စီးပွားရေးစနစ်များ အဖက်ဖက်မှ ယိုယွင်းပျက်စီးလာခဲ့ကြောင်း ထင်ဟပ်စေသည်။

ထိုကဲ့သို့သော အခြေအနေများကြားတွင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့ပြီး ထိုင်း-မြန်မာ-လာအို သုံးနိုင်ငံ နယ်စပ်ဆုံရာ ရွှေတြိဂံဒေသအတွင်းရှိ နားအွန်ကျေးရွာသည်လည်း အာဏာသိမ်းခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို




သတ္တုလုပ်ကွက်ရှိရာ ကျေးရွာဒေသများတွင် မူးယစ်ဆေးဝါးများကို ပေါပေါများများ အလွယ်တကူ ဝယ်ယူနိုင်သဖြင့် လူငယ်အများအပြား အသုံးပြုနေကြသည်။ အသက် (၁၃-၁၄)နှစ်အရွယ် လူငယ်များပင် စိတ်ကြွရူးသွပ်ဆေးပြား (WY) ဆေးပြားများကို စတင်သုံးစွဲနေကြပြီး သုံးစွဲရန်ပိုက်ဆံမရှိသည့်အခါ မိသားစုပိုင် ပစ္စည်းများကို ခိုးယူခြင်း၊ ပေါင်နှံရောင်းချခြင်းတို့ ပြုလုပ်လျက်ရှိကြသည်။




မူးယစ်ဆေးစွဲလမ်းမှုကြောင့် ခိုးမှု၊ လုယက်မှုနှင့် အကြမ်းဖက်မှုများ တိုးပွားလာသည့်အပြင် မိဘများအပေါ် အကြမ်းဖက်ခြင်းများပင် ဖြစ်ပွားလျက်ရှိသည်။

၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် နားအွန်ကျေးရွာအနီး၌ တရုတ်ပိုင် ရွှေတူးဖော်ရေးလုပ်ငန်းများ လျင်မြန်စွာ တိုးပွားလာခဲ့ပြီး စက်ယန္တရားကြီးများ အသုံးပြုကာ နေ့/ညမပျက် ရွှေတူးဖော်ရေးလုပ်ငန်းများကို လုပ်ကိုင်လာကြသည်။

ထိုသို့ အကြီးစားရွှေတူးဖော်မှုများ၏ နောက်ဆက်တွဲအဖြစ် သတ္တုခွဲထုတ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများပါဝင်သော စွန့်ပစ်ရေများသည် နားအွန်ကျေးရွာ၏ အသက်သွေးကြောဟု သတ်မှတ်နိုင်သည့် ချောင်းအတွင်းသို့ စီးဝင်ရောက်ရှိသွားသည်။

ထို့နောက် ရေထုညစ်ညမ်းမှုများဖြစ်ပေါ်လာကာ ဒေသခံများအတွက် သောက်သုံးရေ၊ စိုက်ပျိုးမွေးမြူရေး